# ပါစကားကာလ စတုတ္ထတနင်္ဂနွေနေ့

ရှင်ယောဟန် ၁၀း ၁၁-၁၈

ပါစကားပွဲကာလ စတုတ္ထတနင်္ဂနွေနေ့ကို ကောင်းသောသိုးထိန်း တနင်္ဂနွေနေ့လို့လည်း ခေါ်ကြပါတယ်။ ဒီနေ့ကျမ်းစာမှာ ယေရှုဘုရားရှင်က "ငါသည် ကောင်းသောသိုးထိန်းဖြစ်၏။ ကောင်းသောသိုးထိန်းသည် သိုးများအတွက် မိမိအသက်ကို စွန့်တတ်၏။" လို့ မိန့်တော်မူပါတယ်။ ကျနော်တို့မှာ အဲ့လို သိုးထိန်းကောင်းတွေ လိုအပ်လှပါတယ်။ ဒါဟာ ဘုန်းကြီး၊ သီလရှင်ကိုပဲ သိုးထိန်းဖြစ်တယ်လို့ မမြင်သင့်ပါဘူး။ သင်တို့ အားလုံးကလည်း သိုးထိန်းတာဝန်အတိုင်း အသီးသီး တာဝန်ရှိနေပါတယ်။ ကောင်းတဲ့သိုးထိန်းတွေ၊ ကောင်းတဲ့ခေါင်းဆောင်တွေ၊ ကောင်းတဲ့မိဘ/အုပ်ထိန်းသူတွေ၊ ကောင်းတဲ့ဆရာ/ဆရာမတွေ ဖြစ်နေဖို့ လိုပါတယ်။

အဲဒီလို သိုးထိန်းတာဝန်နဲ့ သိုးထိန်းဖြစ်ရတာ ဂုဏ်ယူစရာပါပဲ။ ဂုဏ်ယူစရာဖြစ်သလို ပေးဆပ်အနစ်နာခံနေရပါတယ်။ ကောင်းသောသိုးထိန်းသည် သိုးများအတွက် မိမိအသက်ကို စွန့်တတ်၏လို့ ယေရှုဘုရားရှင် မိန့်တော်မူထားတဲ့အတိုင်းပါပဲ။ သိုးထိန်းတာဝန်အတိုင်း မိဘတွေလည်း ကိုယ့်သားသမီးတွေအတွက် အလုပ်လုပ်နေရတယ်၊ အလုပ်လုပ်လို့ ရတဲ့ပိုက်ဆံကလည်း သားသမီးတွေ ပညာတတ်ဖို့ သုံးရတာနဲ့ ကုန်တာပါပဲ။ ဘာပဲဖြစ်ဖြစ် မိဘတွေကတော့ သားသမီးတွေ ပညာတတ်ပြီး ဘဝလုံခြုံမှုရတယ်ဆိုရင် အမောပြေရပါတယ်။ ပင်ပန်းရကျိုးနပ်ပါတယ်။ သားသမီးတွေ ဘွဲ့ရတဲ့နေ့ဆိုရင် ပီတိဖြစ်ရတာပေါ့။

သိုးထိန်းတွေလည်း စိတ်ဒဏ်ရာတွေ ရကြပါတယ်။ ကိုယ့်လူတွေက အထင်လွဲတဲ့အခါ၊ ကိုယ့်စကားကို နားမထောင်ကြတဲ့အခါ၊ ကိုယ့်စေတနာကို မသိတတ်ကြတဲ့အခါ ခံရခက်ပါတယ်။ တစ်ခါတစ်ရံ ကိုယ့်သိုးထိန်းတာဝန်ကနေ ထွက်သွားချင်စိတ်တောင် ပေါက်မိပါတယ်။ အဲ့လို စိတ်တိုလာတဲ့အခါ ကိုယ့်သိုးတွေအပေါ်မှာ သဘောထား မပျော့ပျောင်းတော့ပဲ ခက်ထန်လာတတ်ကြပါတယ်။ ဒါဟာ မှားပါတယ်၊ ကိုယ့်စိတ်ဒဏ်ရာကို အရင်ပြေပျောက်အောင် ကုစားစရာလိုတယ်။ ဖြေသိမ့်စရာ လိုပါတယ်။

ယခုခေတ် လူတွေက အကောင်း ဆုံးမရင် နားမထောင်ချင်ကြဘူး။ ဘာသာရေးပြောရင် နားမထောင်ချင်ကြဘူး။ တကယ်တမ်းတော့ နားမထောင်ချင်တာ မဟုတ်ပါဘူး။ မကြားကြတာပါ။ လူတိုင်းက ဝမ်းမြောက်စရာ သတင်းကောင်းဆိုရင် မကြားချင်တဲ့လူဆိုတာ မရှိပါဘူး။ ဒါပေမဲ့ အဲ့ဒီ ဝမ်းမြောက်စရာသတင်းကောင်းကို တစ်ချို့သိုးထိန်းတွေရဲ့ဟောပြောပုံက ငြီးငွေ့စရာသတင်း ဖြစ်သွားလို့ပါပဲ။

ယေရှုဘုရားရှင် မိန့်တော်မူတာက " ငါ၏ခမည်းတော်သည် ငါ့ကို သိတော်မူ၍ ငါသည်လည်း ခမည်းတော်ကို သိသကဲ့သို့ ငါ၏သိုးတို့ကို ငါသိ၏။ ငါ၏သိုးတို့သည်လည်း ငါ့ကို သိကြ၏။" တဲ့ ။ သိုးထိန်းနဲ့ သိုးတွေ ဘယ်လောက်တောင် အပြန်အလှန် သိကြ၊ ရင်းနှီးကြသလဲဆိုတာ ကြည့်ပါ။ ယခုခေတ် သိုးထိန်းတွေက လူငယ်တွေ ဘာဖြစ်နေသလဲ၊ သူတို့တွေ တရားပေါက်စေဖို့ ဘယ်လို လုပ်မှဖြစ်မယ် ဘယ်လိုပြောမှ ဖြစ်မယ်ဆိုတာ မသိကြပါဘူး။ ဒါကြောင့် သခင်ယေရှုလို ကိုယ့်သိုးတွေကို ကောင်းကောင်းသိဖို့လိုပါတယ်။ ငါ၏သိုးတို့သည်လည်း ငါ့ကို သိကြ၏ လို့

ဆိုတဲ့အတိုင်း သိုးတွေကလည်း ကိုယ့်ကို သိစေဖို့ ကိုယ်က ကိုယ့်အခြေအနေ၊ ကိုယ်စိတ်ပူရတဲ့အကြောင်း၊ ကိုယ်က သူတို့ကို ဒီလို အကောင်းဖြစ်ဖို့ ရည်မှန်းထားကြောင်း ပြောပြပါ။ သိုးထိန်းမိဘတွေက အဲ့လို ပြောပြမထားတော့ သားသမီးတွေက မိဘရဲ့အဖြစ်အခြေအနေအမှန်ကို မသိကြဘူး။ ဒါကြောင့်လည်းပဲ မိဘက ပိုက်ဆံမရှိပါဘူးဆိုတာ သားသမီးက မသိတော့ ဈေးကြီးတဲ့ဖုန်း ဝယ်ခိုင်းနေတယ်လေ။ မိဘလို မတွေးတတ်ကြတော့ဘူး။ သိုးထိန်းတွေက ကိုယ့်ခံစားချက်တွေကို ထုတ်ဖော်ပြောပြရပါမယ်။ သခင်ယေရှုလည်း သူ့ရဲ့ခံစားချက်တွေ စိတ်သောကရောက်တာတွေကို သူ့တပည့်တော်ကြီးတွေကို ပြောပြပါတယ်။ "ငါသည် လူအကြီးအကဲတို့ရဲ့ လက်ထဲကို အပ်နှံခြင်း ခံရမယ်။ ငါ့ကို အသေသတ်ကြလိမ့်မယ်။ သုံးရက်မြောက်သောနေ့မှာ ငါ ရှင်ပြန်ထမြောက်လိမ့်မယ်" ဆိုတာတွေကို ပြောပြသလိုပေ့ါ။

ဒါကြောင့် ခေါင်းဆောင်သိုးထိန်းနဲ့ သိုးတွေက အတူတူ ရှိရမယ်။ ကွဲပြားမနေရဘူး။ ယနေ့ ဒုတိယကျမ်းစာ ရှင်ယောဟန်ကျမ်းစာမှာ "ငါတို့သည်လည်း အမှန်ပင် ဘုရားသခင်၏သားသမီးများ ဖြစ်ကြ၏" လို့ ရေးထားပါတယ်။ ကျနော်တို့က သိုးထိန်းဖြစ်လို့သာ ဖြစ်နေကြတာ၊ တကယ်တမ်းတော့ ကျနော်တို့ရဲ့ သိုးစုတွေနဲ့အတူ ကျနော်တို့ကိုယ်တိုင်ကလည်း ဘုရားသခင်ရဲ့ သားသမီး သိုးတွေပါပဲ။

ကိုယ့်သိုးတွေ၊ သားသမီးတွေရဲ့ ရင်တွင်းခံစားချက်တွေကိုလည်း ထုတ်ဖော်ပြောပြခွင့် ပေးရပါမယ်။ ဒါမှ "ငါ၏သိုးတို့ကို ငါသိ၏" လို့ ပြောနိုင်တော့မှာပေ့ါ။ ဒါကြောင့် သိုးထိန်းတွေဟာ ချည်းကပ်ချင်စရာ၊ စကားဖောင်ဖွဲ့ပြောချင်စရာ၊ အားကိုးချင်စရာတွေ ဖြစ်နေရပါမယ်။ စကားကို မေးတစ်ခွန်း၊ ဖြေတစ်ခွင်း အလုပ်သဘော ဆက်ဆံနေလို့တော့ မဖြစ်ပါဘူး။ သိုးထိန်း မပီသတော့ပါဘူး။ တချိန်လုံးလည်း ပြစ်တင်ဝေဖန်တတ်တဲ့သိုးထိန်းလည်း မဖြစ်သင့်ပါဘူး။ သူတို့ကို နားလည် စိတ်ရှည်စွာနဲ့ ရေရှည် တဖြည်းဖြည်းချင်း ပြောင်းလဲစေရမှာပါ။ ဘာလို့လဲဆိုတော့ သိုးထိန်းရှင် သခင်ယေရှု ကိုယ်တော်တိုင်က "ငါသည် ကျန်းမာသောသူတို့အတွက် ဆင်းကြွလာတာ မဟုတ်ဘူး။ ဖျားနာသူ/အားနည်းသူတို့အတွက် ဆင်းကြွလာတာဖြစ်တယ်'' လို့ မိန့်တော်မူတဲ့အတိုင်းပါပဲ။ အားနည်းတဲ့သူ၊ မှားယွင်းတဲ့သူတွေအပေါ် စိတ်ရှည်ရပါမယ်။

ဒီကြားထဲက သိုးမဲလို့ခေါ်တဲ့အတိုင်းပဲ လမ်းမှားရောက်နေတဲ့သူတွေကို ကြမ်းတမ်းတဲ့စကားနဲ့ ပြောရင်၊ သူတို့အပေါ် စိတ်တိုပြီးပြောရင် သူတို့က ပိုပြီး လမ်းမှားကို ရောက်သွားမှာပေ့ါ။ ဒီအခါ သိုးမဲတွေက ကျနော်တို့ဆီမလာပဲ နေတော့မှာပေ့ါ။

ကျနော်တို့ကိုယ်တိုင်က ကောင်းတဲ့သိုးထိန်းဖြစ်ဖို့ ကိုယ်ဟောပြောတဲ့အတိုင်း ကိုယ်က ပထမဦးဆုံး ကျင့်ကြံပြတဲ့သူ ဖြစ်ပါစေ။ ကောင်းတဲ့သိုးထိန်းအဖြစ်နဲ့ သူတို့ကို အစေခံနိုင်ဖို့ ချစ်နိုင်ဖို့ ခွန်အားကျေးဇူးဟာ ဘုရားထံမှသာ ရရှိနိုင်မှာပါ။ ဒါကြောင့် ဆုတောင်းပါ။ မဆုတောင်းရင်တော့ စိတ်တိုနေတဲ့သိုးထိန်း ဖြစ်မှာပါပဲ။ သိုးထိန်းတွေအားလုံး ကောင်းသောသိုးထိန်းဖြစ်နိုင်ဖို့ ဆုတောင်းပေးကြပါစို့။

နားဆင်သူအားလုံးအပေါ် ဘုရားသခင်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။